

စောဝေ
ပန်းဆိုးတန်း စိုမှာစိုး
ဒုတိယအကြိမ်

စိတ်ကူးချိုချိုစာအုပ်

# ပန်းဆိုးတန်း စိုမှာစိုး

စောဝေ

ဒုတိယအကြိမ် ၂၀၂၀

ပန်းဆိုးတန်း စိုးမိုး စာပေ
အတွင်းဒီဇိုင်း - stream services & public relations
စာမျက်နှာ ၅၅ + မျက်နှာ ၁၃ စင်တီ x ၂၁·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးစိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
၂၀၀၅ ကြောင်နှစ်ကောင်စာပေ၏ ပထမအကြိမ်မှ

ဈေးနှုန်း ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# တိုက်ဆိုင်ပန်းတွေ မွှေးမြပါစေ

အေးသည်ဆိုရုံ ဆောင်းတစ်နေ့မှာ မြို့ကဗျာတွေ စုထုတ်ဖို့ မဂ္ဂဇင်းများ ရာထောင်ကို လှန်လှောရှာဖွေရာ အသစ်အတိုင်း ကဗျာစာအုပ်လေး တွေ့မိ။ ဝမ်းသာလိုက်တာ လွန်ရောလို့ ပြောချင်။ **'ပန်းဆိုးတန်း စိမ့်မှာစိုး'** စာအုပ်လေး ထွက်ပြီးတော့ 'ရွှေဝါရောင် တော်လှန်ရေး' ဒီတော့ ကိုယ်၌ လိုက်ပါ ပါဝင် ဖြစ်၊ ပြီးတော့ အချစ်ကဗျာတစ်ပုဒ်ဖြင့် ထောင်ကျ၊ ထောင်ကထွက်တော့ ဒီစာအုပ်က အိမ်မှာ မရှိတော့။ အိမ်က ထမင်းဆိုင်မှာရောင်းဖို့ အုပ် (၁၀၀) ယူထားတာ သမီးကြီးက ရောင်းပစ်။ စာအုပ် ရောင်းရသမျှ သွင်းပေးတာကိုး။ တစ်အုပ်တောင် မချန်ထားဘူးလား သမီးရယ် ဆိုတော့ "ပေါ်ကြီးက လေးဆယ့် ကိုးနှစ်တောင် ကျတာ ဘယ်တော့ လွတ်မှန်းမှ မသိတာ ရှိတာရောင်းပြီး မုန့်ဖိုးလုပ်ရတာလေ" တဲ့။ စျေးကွက် စာအုပ်ဆိုင်တွေမှာလည်း မရှိတော့။ သူများထံက မြန်ငှား၊ မိတ္တူဆွဲပြီး ကိုယ်လည်းသိမ်း သူများလည်း ပေးပေါ့။


ခုတွေ့တဲ့စာအုပ်က လုံးဝ အသစ်အတိုင်း။ သူငယ်ချင်း ကဆဝ ကို မြကြည့် တော့ ဒုတိယ ထုတ်ပေးမယ်တဲ့။ ဒီအတိုင်း ကွာလတီ ရမလား သူငယ်ချင်း ကစဝ (ကိုကျော်စိုးဝင်း) ကို မေးတဲ့။ မေးတော့ သိပ်ရတာပေါ့ဆိုတာနဲ့ အဖုံးနဲ့ တစ်အုပ်လုံး ပန်းချီဒီဇိုင်း သူငယ်ချင်းနေမျိုးဆေး၊ ကျောဖုံးစာသား ညီ သူငယ်ချင်း မင်းခိုက်စိုးစန်ရဲ့ မြင်ထားတဲ့ အတိုင်းလေးနဲ့ လုပ်ကြမယ်လို့ ဆုံးဖြတ်လိုက်ချိန် မှာပဲ ကော့သောင်းမြို့ ခြေဥပြုပြင်ရေး ကော်မတီထောက်ခံပွဲမှာ ဟောပြောတဲ့ အတွက် မြန်မာစစ်တပ်က တရားစွဲပါတယ်။ ပုဒ်မက ၅၀၅ ယပါ။ သူငယ်ချင်း ငြိမ်းအေးအိမ်ရဲ့ စာအုပ်ခံစားမှုရယ် ကိုမင်းထက် BBC ရဲ့ အင်္ဂလိပ်ဘာသာပြန် လက်ရာတစ်ပုဒ်ရယ်နဲ့ ဒုတိယအကြိမ် တိုက်ဆိုင်ပန်းတွေ မွှေးမြပါစေ . . . .

ကဗျာဆိုတာ
တန်ခိုးများစွာနဲ့
ဘယ်တော့မှ မသေမျိုး။

များစွာမြင့်

**စောဝဝ**

(၁၀. ၂. ၂၀၂၀)





Saw Wai - Poet, performance & installation artist


သိမ်း ဗယ

အထပ်ထပ်ကြဲချ ခြေရာများ
နှလုံးသားပေါ်
မြတ်နိုးစွာ သိမ်းမယ်။

ဘာကြောင့် ပစ်ပစ်
ဘယ်လောက် ပစ်ပစ်
မင်းမျက်စောင်းတွေ အားလုံး
အချစ်နဲ့လဲပြီး သိမ်းမယ်။

မြင်လိုက်တာနဲ့
စံပယ်ဖူးလို စူသွားတဲ့ မင်းနှုတ်ခမ်း
မျက်ဝန်းထဲမှာ သိမ်းမယ်။



ရင်ခုန်သံတွေအပေါ်
နင်းသွားတဲ့ မင်းခြေဆောင့်သံ
နားနှစ်ဖက်နဲ့ သိမ်းမယ်။

အထပ်ထပ် ဝါးထားတဲ့
မင်း ဝီကောလေး
ခေါင်းထက်မှာ သိမ်းမယ်။

တွေ့လိုက်တာနဲ့
ချာခနဲ လှည့်အထွက်
အင်္ကျီကြားက မင်း ခါးသားလေး
ဝင်းမွတ်စွာ သိမ်းမယ်။

မင်း ချွေးသုတ်ပြီး လွှင့်ပစ်တဲ့
တစ်သျှူးပေါ်က အနံ့လေး
အိတ်ကပ်ထဲမှာ အမြဲသိမ်းမယ်။

အမြဲ မလစ်လပ်တဲ့ မင်း နှလုံးသား
လပ်ရဲ လပ်ကြည့်
အတွေးနဲ့ သိမ်းမယ်။

အရမ်းခံစားပြီး ရေးထားတဲ့ ကဗျာလေး
ပေးဖတ်လိုက်တဲ့အခါ
အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပြီး
ဘာကြောင်တာလဲဆိုတဲ့
မင်းအသံလေးနဲ့ပဲ ထုပ်သိမ်းမယ်။

ရည်းစား
တစ်ယောက်က တစ်ယောက်အကျူး
ထွက်ကျသွားတဲ့ မင်းရယ်သံ
နှုတ်ခမ်းထက်မှာ သိမ်းမယ်။

နေ့ညတွေးသမျှ အတွေးတွေ အကုန်လုံး
မင်း သိမ်းသွားတဲ့အခါ
အကြီးကျယ်ဆုံး အရှုံးတစ်ခု သိမ်းမယ်။

ရည်းစားဘဝ စိတ်ကောက်ရင်
ရာထူး တက်တယ်တဲ့
ရည်းစား မဟုတ်သေးပေမယ့်
မင်း စိတ်ကောက်နေတာလေး
စိတ်နဲ့ သိမ်းမယ်။

မတွေ့မမြင်တာ ကြာလို့ မေးတဲ့အခါ
"ဖျားနေတာ အဖျားတွေ တစ်သက်လုံးသိမ်းပေးပါလား" တဲ့
တုံ့ပြန်စကားလုံးများ
အိပ်မက်ထဲမှာ သိမ်းမယ်။

ရိုက်တော့မယ်လို့
မာန်စောင်နေတဲ့ မင်းလက်ဖဝါးလေး
ပါးပြင်ပေါ်မှာ သိမ်းမယ်။

အချစ်တစ်ခုတည်းနဲ့သာ
လိမ်းခြယ်ထားမိတဲ့ ဘဝလေး
ကျားသစ်လက် ငါးမန်းပါးစပ်နဲ့
တစ်ဟုန်ထိုး ဟပ်ဟပ်နေတာ
မင်း ...
ပြန်မအမ်းတော့ဘူးလား ဟင်
သိမ်းချင်လို့ပါ

သိမ်းမယ် ...။

၁၁၊ ၅၊ ၀၃




အလွမ်း တာဝါ်

(က)
ကျွန်တော့် သံယောဇဉ် ဧရိယာထဲ
အတင်းတွန်းဖွင့်
ဝင်ဝင်လာတဲ့ နာရီလေးရေ. . .
အထီးကျန်နေတဲ့ ကျွန်တော့်ကို
စာနာစိတ်နဲ့
ထားခဲ့တဲ့အဖော်က
အလွမ်း. . .။

(ခ)
အလွမ်းရေ
ခင်ဗျားကပဲ ကျွန်တော့်ကို ဖိထားမလား
ကျွန်တော်ကပဲ
အရသာခံရင်း လုံးပါး ပါးမလား
ခင်ဗျားကို သယ်ဆောင်ရင်း
ရွှေ့လျားနေရတဲ့
ကျွန်တော့်အင်္ကျီ
ဆီကုန်လို့ ဒုတ် ဆို ထိုးရပ်သွားရတာမျိုး
အဖြစ်မခံနိုင်လို့
ဘက်တစ်ခုကို သွားပေါင်ရပါတယ်။

ဘာခံစားမှု
အပေါင်မခံဖူးတဲ့ ဘဏ်မန်နေဂျာက
ဘာအပေါင် ပေးမလဲတဲ့
ကျွန်တော် ပိုင်တယ်လို့
အသေအချာ အာမခံနိုင်တာက
အလွမ်းတွေပါဗျာလို့
ပြောမိတော့
ပထမ
ဘဏ်တစ်ခုလုံးမှာရှိတဲ့ သက်ရှိတွေက
ငွေစက္ကူတွေ အပြင်လွင့်ထွက်သွားအောင်
ရယ်ပါတယ်။

ကျွန်တော်
ထိတ်လန့်အားငယ်သွားလိုက်တာများ
ပုရွက်ဆိတ်တစ်ကောင်ရဲ့
ခြေရာလေးလောက်ပဲရှိမယ်။
ကျွန်တော့်အိတ်ကပ်
(ရင်ဘတ်မှာရှိတဲ့ အိတ်ကပ်ပေါ့)
လျှံထွက်လာတဲ့ အလွမ်းတွေ
အပိခံနေရတဲ့ ဘဏ်စာရေးမလေးက
ကျွန်တော့်ကို ကြည့်ပြီး
သန့်စင်စွာ အသံတိတ် ငိုတဲ့အခါ
ဘဏ်တစ်ခုလုံး အော်ငိုလိုက်တာ
ဘဏ်ကြီး အရည်တွေပျော်လို့။

ဘာပဲပြောပြော
ဘဏ်က အချို့အဝက်
အလွမ်းတွေ လက်ခံလိုက်ပြီ
ဆိုတော့
လွမ်းနေရပေမယ့်လည်း
ပေါ့ပေါ့ပါးပါးတော့
ဖြစ်သွားတာပေါ့လေ။

(၈)

သေနေတဲ့ ဓာတ်တိုင်အောက်မှာ
နှလုံးသား အရှင်တစ်ခုနဲ့ လူတစ်ယောက်
ဟိုတယ်တွေရဲ့ ထိပ်ဖျား
ငါးရိုးတွေကြားက ချောင်းကြည့်နေတဲ့
လကွေးကွေးလေးရေ ..
သာလာတဲ့အခါ
ဖယောင်းတိုင်လေး ငြိမ်းပေးပါ့မယ်
အခုတော့
လမ်းဘေးက ညကဖေးမှာ
ကဖျာရွတ်ဖို့
ရင်ထဲက မီးတောက်လေးနဲ့
ဖယောင်းတိုင်ကို
မီးကူးခွင့် ပြုပါ။
အကြမ်းအိုးတစ် အကြမ်းပန်းကန်နှစ်
ဖျော်ချင်သလို ဖျော်ခဲ့ရှာဆိုတဲ့
လက်ဖက်ရည်တစ်
ဘာမှမဆိုင်တဲ့
အမှုအားပေး ကျားကတစ်ကောင်
လွတ်နေတဲ့ ထိုင်ခုံလေးကတစ်လုံး
လွမ်းဖို့ အသင့်ပြင်ထားရော့လား
လွမ်းလိုက်တာ
ကဖျာ ရွတ်ဖို့ ပြင်လိုက်တာနဲ့
အလွမ်းတွေပဲ ကျကျလာ
ညကဖေး တစ်ဆိုင်လုံးလည်း
အလွမ်းတွေပြည့်လို့။

(ဃ)
ကျွန်တော်က မြေချချင်လို့
ကြေဝဋ္ဌာတစ်ခုလုံးကို
ဆက်သွယ်ခဲ့ပေမယ့်
မှားခဲ့ပါတယ်လို့ ဝန်ခံခွင့် မရနိုင်ခဲ့
မင်းကသာ
ဂဏာန်းကိုးလုံး နှိပ်လိုက်ရင်
ခွင့်လွှတ်ချင်လာအောင်
အမှားကို
ဝန်ခံဖွဲ့နွဲ့ဖို့ အသင့်ပါ။

(င)

အခုတော့
ဘဏ်က လက်မခံချင်ပေမယ့်
ကျွန်တော့်မှာ
ပေါင်နှံစရာ အလွမ်းတွေက
အသက်ရှူလိုက်တိုင်း တိုးတိုးလာ
အသက်ရှူတာ ရပ်မလား
ဘဏ်မှာပဲ တောင်းပန်ပြီး
အလွမ်းတွေ ထပ်အပ်ရမလား
နှစ်ခုစလုံး မဖြစ်သေးပါဘူး
ဘဏ်တိုက်က အလွမ်းတွေပဲ ရပြီး
အသက်ရှူတာ ရပ်လိုက်ရင်လည်း
မင်းကို မတောင်းပန်လိုက်ရဘဲ
သေသွားမယ်။

ဒီတော့ . . .
မင်းနဲ့ သွားခဲ့၊ စားခဲ့၊ နားခဲ့
နေရာမှန်သမျှ
လက်ညှိုး ထိုးပြီး
ဘာဏ်အပ်လို့ရရင်
ရန်ကုန်မြို့ကြီး တစ်မြို့လုံး
လက်ညှိုး ထိုးလွဲ
ဘာဏ်မှာ အပ်ရမှာပဲ။
ဒါပေမဲ့
မင်း စံပယ်နံ့၊ မင်း နှင်းဆီနံ့
သင်းသင်းလေးကျ
လက်ညှိုးထိုးပြလို့ မရတော့
ကျန်ခဲ့ရဦးတော့မှာပေါ့
လွမ်းစရာပဲ။

(၈)
နာရီလေးရေ . . .
ကျွန်တော့်အပါးက အလွမ်းတွေကို
သံယောဇဉ်နဲ့ ကြပ်ခဲ့တာလား
သံယောဇဉ် ကင်းကင်းနဲ့ ကြပ်ခဲ့တာလား၊
ရန်ကုန်မြို့ကြီးက ကျဉ်းကျဉ်းလေး
ကမ္ဘာကြီးကလည်း ကျဉ်းကျဉ်းလေးပါ
ဒီနေ့ မင်းကို မတွေ့ရင်
မနက်ဖြန် တစ်ရက်ရက်မှာ တွေ့မှာပဲ
အဲဒီအခါ
အသေအချာ မှားခဲ့တာ
ညွှတ်နူးစွာ
တောင်းပန်ပါ့မယ်
မင်းကို 'သိပ်ချစ်တယ်'လို့ ပြောခဲ့မိတာ။

မေလ၊ ၂၀၀၂

စိုမှာစိုးလို့ ဗိုး မိတယ်

ဝှိမ်ကလေးက ရုပ်ရှင်ကို ရိုက်စဉ်
ကိုယ်တိုင် ဝတ္ထုထဲက ခုန်ထွက်ပြေးဖို့
ရေဒီယိုလေးနဲ့ မောင်းတဲ့ဘဝယာဉ်လေး
သံလမ်းမဲ့ ဘူတာ ၄၀ မှာ
လက်ပြသူမရှိ ဖြတ်သန်းခဲ့
မင်းမျက်ဝန်းကမ်းပါးက
ကိုယ့်သဘော်ကို ကပ်ဖို့ငင်။

ကလေးရေ ...
ရှုံးမယ်မှန်းသိရက်နဲ့
ခွင်းနေခဲ့ ကိုယ့်မြားတွေ
ကိုယ့်ရင်ကိုသာ ထုတ်ချင်းခတ်ထိ။

လောက, က ဖန်ဆင်းတော်မူခဲ့သော
ညီလေး ....
ကိုယ်နဲ့ လောကကို စွန့်ခွာပြီး
ရေဝေးမှာ အေးစက်စက်ကြီး ပြုံးနေတာ
ကိုယ်မြင်လိုက်ရတော့
ကိုယ့်ရင် အေးခဲသွားရမှာ
ဆန့်ကျင်စွာ အရည်တွေပျော်ပြီး
ဇာတ်သိမ်းမဟုတ်သေးဘဲ
ထပ်မံ ရှုံ့နိမ့်ခြင်းသက်သေ
အကြည့်တွေဆီက တဖေါ်ဖေါ်စီးဆင်းခဲ့။

တစ်ဘဝစာ စိုက်ပျိုးခဲ့ မျက်ရည်သစ်ပင်
အစမ်းလေ့ကျင့်နေရ။

မီးပေးလိုက်ဆိုတာနဲ့
ကိုယ့်ကိုင်တဲ့ မင်းမျက်ဝန်းဟာ
ဇာတ်တိုက်ထားတဲ့ မြစ်ဖြစ်သွား
ကိုယ်မခံစားနိုင်ခဲ့။

ဝတ္ထုတွေ ထပ်နေကျမင်းမှာ
နှလုံးသားနဲ့ ရင်းတဲ့ဝတ္ထု
ကိုယ် သက်တံတွေ ကြောက်တယ်
မီးတွေ ကြောက်တယ်၊ မိတ်ကပ်တွေ ကြောက်တယ်
ပြီးတော့ . . .
မြူမြူလေးပြုံးတဲ့
မင်းမျက်ဝန်းကိုကြောက်တယ်
ကိုယ့်ကောင်းကင်မှာ သာနေတဲ့ လ လေး
ကဒ်ဆို မိုက်သွားမှာ . . .။

ကလေး
တစ်ဘဝစာပေးလို့မှ တစ်ဘဝစာမရတဲ့ မေတ္တာ
ပေးလို့ကုန်သွားတာလား မရှိဘဲ မရှိတာလား
စု ပြီး ဥ ထားတာလား။

ဟော့ဒီမှာ လက်ကိုင်မှန်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ ဘီးလေးတစ်ချောင်း ဖြစ်ချင်တယ်
ဟော့ဒီမှာ ဖန်စီကြိုးလေး ဖြစ်ချင်တယ်
ဟော့ဒီမှာ လက်ကိုင်ဒိတ်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ နှုတ်ခမ်းနီတောင့်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ လက်သည်းဆိုးဆေး ဖြစ်ချင်တယ်
ဟော့ဒီမှာ ချွေးတို့ဖတ်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ အသားရောင်ဝမ်းဆက် ဖြစ်ချင်တယ်
ဟော့ဒီမှာ လက်ကိုင်ဖုန်းလေး ဖြစ်ချင်တယ်
ဟော့ဒီမှာ စလစ်ပါဖိနပ်လေး ဖြစ်ချင်တယ်

တယ်လီဖုန်းဆိုတာ
ဆက်ရမှာလား လွှင့်ပစ်ရမှာလား
'လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ
သတ်မှတ်ချိန်အတွင်း
ပြန်လည်ဖြေကြားခြင်း မရှိပါသဖြင့် ...'
သေလိုက်ပါလား
ဖုန်းစောင့်နတ်သမီးစုတ်မ။

ကလေးရေ ...
ကိုယ်က မြစ်ဆိုပြီး ကူးတဲ့အခါ
တံလျှပ်တွေ
ကိုယ်က မြေဆိုပြီး ပြေးတဲ့အခါ
တိမ်တိုက်တွေ
ပန်းတိုင်မဲ့လိုက်နေရပြီး
အရှုံးသရုပ်ပဲ ထပ်ထပ်ရ။

အရှုံးပါပဲ
သဘာဝကျတဲ့အခါ
သိမ်းထားချင်လောက်အောင် လှပတယ်။

ကိုယ့်စိတ်ကမ်းမှာ
ရှိုက်သံစွက်တဲ့ အလွမ်းတွေပဲ
တင်ကျန်နေတော့
မုန်တိုင်းရေ ထန်လိုက်ပါတော့။

ပရီအယ်ဒင်တဲ့ *
**မင်း ဟက်ဟက်ပက်ပက်ရယ်ဖို့ ငိုတော့မယ်**
အရယ်နဲ့ အငိုကြားထဲ
ညှပ်မိနေတာက ကိုယ်
ကိုယ်သာ အညှပ်ခံနေရပြီး
မင်းက နောက်တစ်ယောက် နောက်တစ်ဖတ်
ရယ်ငို ငိုရယ်နဲ့ သံပတ်ပေးစက်ရုပ်လို
ကိုယ်သာ အရယ်ခလုတ်မရှိတဲ့လူ။

မနက်ဖြန်ဆို
မနက်ဖြန်ဆို ...
ပင်လယ်ရေ နေလုံးရွှဲရွှဲကြီးကို ရုပ်ပစ်လိုက်စမ်း
ဝေးရမယ့် မနက်ဖြန်ဆိုတာ မလာစေနဲ့။

ဒီနေ့ ဖိုင်နယ်အယ်ဒင် **
တစ်သက်စာရှင်သန်ဖို့
မင်းအညို့တွေကို လုံလုံခြုံခြုံ သိမ်းမယ်။

ကဒ်ဝမ်း ကိုယ့်ကိုကြည့်
ကဒ်တူး ကိုယ့်ကိုပဲကြည့်
ကဒ်သရီး ကိုယ်မှလွဲပြီး မကြည့်နဲ့
ကဒ်အခင်ဖနတီ အကြည့်တွေအားလုံး ကိုယ့်မှာဆုံး။

ဒါနောက်ဆုံးရိုက်ချက်
ကလေး ...
ဟန်ဆောင်တာမပါဘဲ
ကိုယ့်ကိုမုန်းတယ်ဆိုတဲ့ အက်တင်လုပ်ပါ
ဒါမှ ကိုယ်ခွဲလို့ရမှာ
ခွဲနိုင်မှာ။

မင်းနှုတ်ဆက်တဲ့နေရာမှာ
ကိုယ်မရှိချင်ဘူး
ဝုန်းခနဲ ပြုတ်ကျသွားတဲ့ အက်တင်
ကိုယ်မလုပ်တတ်ဘူး
တကယ်က ဝုန်းဆို ပြုတ်ကျမှာ။

ဟိုးမှာ ပင်လယ်
ဒီမှာ မြေပြင်
အထက်မှာ ကောင်းကင်
ညို့ညို့ဆိုင်းလို့ ရွာတော့မယ်
မင်းစိုတော့မှာလား
ကိုယ့်ရင်ခွင်က တက်သွားတဲ့ အခိုးအငွေ့တွေနဲ့
ရွာတော့မယ့် မိုး
မင်းစိမ်းမြစိုပြည်ဖို့
မင်းမိုးမိလိုက်ပါ။

**'ကိုယ့်အတွက် အချစ်ဆိုတာ**
**တစ်သံသရာလုံး လုံမြုံချမ်းမြေ့ဖို့**
**အကြည့်တွေပဲ လိုအပ်ပါတယ်'**
မင်းမျက်ဝန်းက ရွှန်းရွှန်းမြမြလေး ပြုံးပါ

ကိုယ့်မျက်ဝန်းက စိုစွတ်နေမှာ

ကိုယ့် မျက် ဝန်း က စို စွတ် နေ မှာ

ကိုယ့် မျက် ဝန်း က စို စွတ် နေ မှာ။ ။

၃-၉-၀၂

* Pre Ending
** Final Ending



ရင်ထဲအမြဲ စီးဆင်းခဲ့
ကိုယ့်ရဲ့ထာဝရမြစ် မြနဒီ ...။
ညှင်းညှင်းသွဲ့ပြောင်း သံသာနဲ့
အိပ်စက်နေတဲ့ ကိုယ့်ရဲ့ဆိတ်ငြိမ်မှုကို
လှုပ်ခါခဲ့ မြနဒီ ...။

နှလုံးသားထဲက
သောက ကမ်းပါးများ ကြွေသက်အောင်
စီးဆင်းသွား မြနဒီ ...။

မီးရောင်စုံလင်းလဲ့တဲ့
ခေတ်ရဲ့ပြေးလမ်းပေါ်
အသွေးအသားနဲ့ လျှောက်တဲ့အခါ
ရှာဖြစ်သွားတဲ့ ကမ္ဘာထဲမှာ
လမ်းမှားမယ် မြနဒီ ...။

ကခုန်မှုနဲ့ တင်ဆက်ကြရ ရင်ခုန်သံများ
စိတ်ပန်းတိုင်တွေ စိမ်းလန်းမြဲပါစေ
မြနဒီရေ ...။


ရင်ခုန်မြို့လေးထဲ ရစ်ခွေစီး
ဝင်စင်ဝင်းလဲ့ ရည်ရွယ်ချက်များက
နစ်ကျွံခြင်းရင်ခွင်ကို တွန်းလှန်လိုက်ပါ မြနဒီ ...။

နီယွန်ဆိမ်းထားတဲ့
မြို့ပြလမ်းပေါ်
အသစ်စက်စက်စိတ်ကူးကို
ဘယ်မိတ်ကပ်နဲ့မှ မလိမ်းလိုက်ပါနဲ့
အမေ့အားနဲ့ အမေကို ဖေးမခဲ့
မြနဒီ ...
ပြလွင်မြင့်လွန်းတဲ့ စိတ်က
ညို့ညို့မောင်းစိတ်များကို
သောကစင်ပေါ်က တင်ဆက်နေရသူ မြနဒီ ...။

အားမာန်ကို မာယာအဖြစ်ပြောင်းတဲ့ ကကြိုးများ
ဟန်ဆောင်မှုကို စိုက်ပျိုးနေတဲ့ ပန်းခြင်းများ
ဖိတ်ခေါ်မှုလမ်းပြပန်းကုံးများ
တပ်မက်မှုသရဖူတွေနဲ့
မလှလိုက်ပါနဲ့ မြနဒီ ...။

ရှိခြင်းရဲ့ အစွန်းအဖျားဟာ
မရှိခြင်းပါလို့
ဖွဖွရွတ်ဆိုပြမယ် မြနဒီ ...။


ယစ်မူးဝေတဲ့
စည်းချက်ညီ ဂီတထဲမှာ
အငွေ့ပျံတော့မယ့် စိတ်ရဲ့ပန်းတိုင်များ
ရှိဝေရဲ့ အရသာလေးနဲ့
အထွတ်အမြတ်ပန်းကို
မကြွေလိုက်စေနဲ့ မြနုဒီ ...။



အလင်းပါးပါးလေးသာဆမ်းထားတဲ့
ပြုလုပ်ချက်များနဲ့ ဂီတကမ္ဘာထဲ
သမုဒ္ဒရာတွေ ကုခုန်နေကြတာပါ
သမုဒ္ဒရာတွေ ကခုန်နေကြတာပါ့ ။
ဝင်ကနေတာ ရယ်လိုက်တော့မြနုဒီ
ညှိသည်လို ကကြိုးတွေဟာ
အိမ်ရှင်လို ထာဝရမလုပ်ပါဘူး မြနုဒီရဲ့။

လွင့်လွင့် ကြည်စင် အိပ်မက်များ
ရွှေရွှေသယ်ဆောင် ဘဝရထားပေါ်
မြို့ပြ မသိမြင်းသမုဒ္ဒရာပြင်ထဲ
သွင်သွင်စီးဆင်းဖို့
ဒုက္ခကိုတည်ဆောက်နိုင်သူများလက်မှ
လွတ်မြောက်ပါစေ မြနုဒီ ...။

ဟွန်းသံတွေဝနေတဲ့ မြို့တော်ထဲ
တက်နို့လက် တရစပ်
မနားတမ်းလှော်ခတ်
အတော်မတ်အောင်
ပေးဆပ်နေဆဲ မင်းဘဝလေး
အနင်းခံရှာ စိုးတယ်မြနုဒီ ...။



နဒီဆိုတဲ့မြစ်ဟာ ကွေ့ကောက်ပေမယ့်
ကိုယ့်နှလုံးသားထဲ ထာဝရစီးဖို့
ဖွင့်၍ ကြိုဆိုမြဲ ထာဝရေလ မြန္ဒီ ...။

မြန္ဒီသမုဒ္ဒရာဟာ
အမေ့အိပ်မက် ဖြစ်ပြီး
မြန္ဒီ အမြဲ စီးဆင်းမယ့်
ပင်လယ်ဟာ
ကိုယ့်ရဲ့ ရင်ဖွင့်မြစ်ပါ မြန္ဒီ။

တကယ်တော့ မြန္ဒီဟာ
အလွှင့်လေးက
ခြွေချခံခဲ့ရတဲ့
အကြွေလေးပါ မြန္ဒီ ...။

အလွမ်းပျောက်နေခဲ့တဲ့
ကိုယ့်ဘဝထဲ
အလွမ်းသဘော်ကြီးနဲ့ အလည်လာပါမြန္ဒီ ...။

စီးဆင်းတော့ . . .

စီးဆင်းလိုက်ပါတော့ . . .

စိတ်ပန်းတိုင်များနဲ့
ကိုယ့်နှလုံးသွေး အစက်စက်ရောထားတဲ့
စီးဆင်းမယ့် အမြဲမြစ်မှာ
လွတ်လပ် လှပ သင်းပျံ့စွာ
စီးဆင်းပါလေတော့
မြနန္ဒီ . . . ။ ။

၁၄ နိုဝင်ဘာ ၂၀၀၀


ပန်းဆိုးတန်း မြို့ ကံ့ကော်
သရုပ်မှန်ကာစဥ်ကလျား ပဲခူးရိုးမ



[illegible]

[illegible]

[illegible]



ဒီကံ့ကော်ပင်လေးအောက်မှာပေါ့
ကြုံလို့ဖြစ်စေ တမင်ကလာဖြစ်စေ
ကဗျာဆရာ လက်သည်းလှီးဖြစ်တယ်
တစ်က လှချင်တယ်
နှစ်က ကိုယ့်ထက် သေသပ်ကျနတယ်
ဒါနဲ့ လက်သည်းလှီးဖြစ်တယ်
ဒါက ဆီလျော်အောင် သက်သေပြတာ။

ကဗျာဆရာ
မြို့တော် လမ်းမကြီးတစ်ခုပေါ်က
ကံ့ကော်ပင်ရိပ်လေးအောက်မှာ
လက်သည်းလှီးတာ
မော်ဒန် ပို့စ်မော်ဒန် ခေးအော့ ပါဖော့မင့်လို့သာမှတ်ပါ။


ပလက်ဖောင်းပေါ်ဆိုင်
မျက်နှာချင်းဆိုင် ဘယ်ဘက်က ဓာတ်ပုံဆိုင်
ညာဘက်က တကယ့်ဟိုက်ပါးရီရှယ်လစ်ဇင်ပုံရိပ်
ချွတ်စွပ်တူတယ်။

Pansodan Town Gangaw
Disorderly Realism Bago Yoma.

Under this little Gangaw tree
By chance or by deliberate design
The poet has nails clipped.
Number One, he wants to look good
NumberTwo, they do a better job.
Thus, he has his nails clipped (here)
This is the proof he wants to make it relevant.

The poet
In a main street of the city
In the shade of a little Gangaw tree
Having his nails clipped.
Take that as a modern, post- modern chaos performance.

Sitting on the platform
On the left in the opposite is a photo shop.
On the right is the real hyper- realism image
A genuine reflection ( the spitting image).
On the left are the huge potraits of
The Actress I admire.







ဘယ်ဘက်ကမျက်လုံးလေးစွေနီပြီး
ညှို့နေတဲ့ ကျွန်တော်ကြိုက်တဲ့ မင်းသမီးလေးပုံကြီးများ
ထားလိုက်ပါ
သူ့ပုံတွေ့လို့ လက်သည်းလှီးတာမဟုတ်ဘူး
လက်သည်းရှည်လို့ရင်း သူ့ပုံကို တွေ့တာ။



Looking with narrow left-eye, mesmerising me.
Oh, let it be.
I don't have my nails clipped I see her picture.
But I see her picture while having my nails clipped.

ညာဘက်က
တွေ့ရင်း တွေ့ရင်း ကြိုက်လာတဲ့
ဆင်ဝင်ပလက်ဖောင်းပေါ်က
မိသားစုတစ်စု။

လက်သည်းလိုးတာပဲ
တဘာမ်းဘမ်း ရင်ဘတ်ကို လာရိုက်စရာမလိုပါဘူး
ဒါပေမယ့်
မြင်လိုက်တာနဲ့ ရင်ဘတ်ကို တဘာမ်းဘမ်းရိုက်နေသလို
လှတာလည်း မဟုတ်ဘူး
အလှတရားလည်း မပါဘူး
ကြည့်မြစ်ခံစားဖြစ် ငေးမောတွေးမိဖြစ်။

ကုမ္ပဏီရုံးတစ်ခုရဲ့ ဆင်ဝင်အောက်မှာ
အရက်ငွေ့လျှံရင်း ကြီးလာတဲ့ မိသားစု
ညစောင့်အဘိုးကြီး
သားသမီးတွေမှာ။ မြေးတွေမှာ၊ မြစ်တွေမှာ
သူကတော့ လုံးပါးပါးနေပါပြီ။

နှစ်ဆယ့်လေးနာရီလုံး
သူရာရေမြှိုက်နေမှ နေလို့ရတဲ့ သားငယ်လည်းရှိ
အမေ့ ကွမ်းယာလည်းရောင်းမကူ
အစ်မ ရေခဲရေလည်း ဝင်မလုပ်
ခြေသည်း လက်သည်းလိုးတဲ့ လူတွေနဲ့ ဝေးလားဝါးလား
ဒါပေမယ့်
ခြေသည်းလက်သည်းတော့ သူမလို။



On the right is a family
Under a portico( of a building)
Whom I kind of become attached.

After seeing them day after day,
This job of having one's nails clipped
No need to have your bosom hit hard.
But
The sight hits my bosom hard.
It is not the beauty
And nothing beautiful in it.
I look on , gaze at, feel it , think it.

This family grew up under the
portico of a company office
Being enraptured by the vapour of alcohol.
The old night guard
Now children,then grandchildren and
the great-grandchildren.
He himself has been eaten away.
There is this one youngest son

Who can stay steady if
he has some alcohol intake for 24 hours.
He won't help with his mother's betel quid sale
No help for his sister's ice water sale.
He joins in the chatter with the human nail-clipper.
But he does not join in the trade.

တစ်ခါတော့
အဖေလုပ်တဲ့ ညစောင့်ကြီးက
ကန့်ကြောက် ရိုက်ပုတ်နှင်ထုတ်
နေတာ စားတာ မွေးတာ
ပလက်ဖောင်းပေါ်မှာ
ပလက်ဖောင်းပေါ်က နှင်ချတော့
ဘယ်ကိုသွားမှာလဲ
ရိုရယ်လစ်ဇင်ရုပ်ရှင် သိပ်ကြည့်ချင်တယ်။

ဒါနဲ့ တစ်ပတ်တစ်ခါ ခြေသည်းလက်သည်းလိုဖြစ်တယ်။



Once, the old night guard
Beat this son, kicked him about and
Sent him away.
They all were born here on the platform
Grew up here, eat here, sleep here
When he was sent away from the platform,
Where is he going to go?
I am really keen to watch that realism show.

So, I go there to have my nails clipped once a week.






တစ်နေ့ ဒီနေ့ပေါ့
နံနက်စောစော ရောက်ဖြစ်တယ်
ရုံးချိန်ဆို ကိုးကြည့် ကြောင်ကြည့် ကြည့်ပြီး
ခြေသည်းလက်သည်း လှီးရတဲ့
ကိုကုလားခုံမှာ ထိုင်လိုက်တယ်
လှီးနေတုန်း ဒိုရယ်လစ်ဇင် ရုပ်ရှင်ကြည့်ပေါ့
အရက်သမား ညစောင့်အဘိုးကြီးရဲ့မိန်းမ
အလုပ်လက်မဲ့ ပေတေလေ အရက်သမားလေးရဲ့အမေ
တစ်ခြမ်းလေဖြတ်ပြီး
မျက်လုံးတစ်ဖက်မှေး
ပါးစပ်တစ်ခြမ်းရွဲ့နဲ့ ထမင်းကြော်နေတယ်
နံနက်တိုင်း
ယောက်ျားနဲ့ သားသမီးမြေးမြစ်တွေအတွက်
ဒီပလက်ဖောင်းပေါ်မှာ ထမင်းကြော်တယ်
"ဟဲ့ အေးမ ထမင်းကြော်ဝယ်စားအုံး
တစ်ရာ့ငါးဆယ်ထဲ ပဲပြုတ်နဲ့ကြော်ထားတာ ကျွတ်လို့
ငါးပိချက်လည်းပါတယ်
တန်ပါတယ်ဟယ် ဝယ်စားပါအုံး"
လက်သည်းလှီးတဲ့ မိန်းမတစ်ယောက်ကို ရောင်းနေတာ။

One day, yes, that is today
I got there quite early in this morning
I sat at the seat of Ko Kalar
Who has to watch out for the surroundings.
During the office hours
For my nail clipping service.
While having my nails clipped
I could watch that realism movie.
That wife of the drunk old night guard
And the mother of that drunk young man
Had a stroke over half of her body
An eye squinted, a cheek (distorted)
Frying rice to sell.
Every morning,
She fries rice on this platform
For her husband, children,
and grand and great- grand children.
" Hi, Aye Ma, buy fried rice from me.
Only 150 kyats. Fried with boiled beans,
rice and crispy.
You will also get fish paste curry.
Well worth the price. . Buy from me"
She was trying to sell her stuff to
a nail-clipper clipping woman.




ခဏကြာတော့
"ကုလားရော နင်ပဲစားလိုက်ပါ
ခွေးကောင်လေး ဆေးရုံတက်တာ ငါးရက်ရှိပြီ
ငါ့အတွက်နဲ့ သူ့အတွက် ၂ ပန်းကန်ကို
သူဆေးရဲ့ စတက်ကတည်းက ရောင်းပြီး ငွေစုနေတာ
ဒီနေ့ ဆေးဝယ်ရမှာ
တစ်ပန်းကန်ပဲ ကျန်တော့တယ်
နင်စားလိုက်ဟာ ကုလား
မနေ့ကဟာ မပေးနဲ့အုံး
ဒီနေ့ဟာ တစ်ရာငါးဆယ်တော့ပေး
ဒါဆို သုံးရာရပြီ ငါဆေးရုံသွားချင်လို့"
သားအတွက် ထမင်းကြော်ကိုလည်း သူမစား
သူ့အတွက် ထမင်းကြော်ကိုလည်း သူမစား
သားလေးအတွက် ဆေးဝယ်ဖို့တဲ့
ကျွန်တော့်မျက်နှာ ဆတ်ခနဲ
ကောင်းကင်ကို မော့ကြည့်လိုက်တယ်
အခါတိုင်းဆို
တီဗီအင်တင်နာတွေမှာ နားနေတဲ့
ဆက်ရက်၊ ကျီးကန်း၊ စာကလေး နဲ့ ပုံလွှားငှက်များ
သိပ်ကြည့်လို့ ကောင်းတာ မြို့ပြအရသာပေါ့
အခုတော့ မျက်လုံးထဲကို
ရှုတာတွေ ပြုတ်ကျလာတယ်။





After a while,
" Hey Kalar, please buy this plate of rice,
That little scoundrel has been in hospital for five days,
I am selling our quotas, for him and for myself.
Since the day he was hospitalised,
Saving money.
Need to buy medicine for him today.
Now only one plate left
Please take this one, Kalar.
Don't pay for yesterday's meals yet,
But just pay 150 kyats for today's.
Then I will have 300 kyats.
I want to go to hospital."
She did not eat the fried rice for her son
Nor the fried rice for herself.
To buy medicine for her son.
I glanced up at the skies
Crows, sparrows, zayets, pigeons and swallows,
Nesting on the television antennas.
Usually that was a gratifying
Tasteful urban sight,
Now shards fall into my eyes.





ညဘက်ကျတော့
ညနက်နက်ထိုင်လို့ရတဲ့
ခုံပုပုလေးနဲ့ တီးဆိုင်မှာ
ရေးထားတဲ့ ကဗျာလေး ရွတ်မယ်ဆိုပြီး ထိုင်လိုက်တော့
"အမေစားမယ့် ထမင်းကြော်နဲ့ သားလေးစားမယ့် ထမင်းကြော်ကို
ရောင်းပြီး
သားဆိုးလေးအတွက် ဆေးဝယ်မလို့တဲ့"
ကျွန်တော် . . .
ရှာပြန်မှ ဖြစ်တော့မယ်။

နံနက်စောစော ရထားကြီးနဲ့ ရှာပြန်တော့
ပိုစ်မော်ဒန် စာရေးဆရာ သူငယ်ချင်းကလည်း
ရီရယ်လစ်ဇင်တွေ ကြည့်ချင်လို့ လိုက်ခဲ့တယ်။



That night,
As I sat down at a teashop with short stools,
Where I could stay until late into the night
And prepare to read the poem I have written. .
" Selling the quota of fried rice that mother and son would eat
To buy medicine for that
Rouge son . . "
I ...
Must go back to the village.

On my return journey to the village by train,
My post- modern author friend
Came along to see the realism shows.




တောတစ်ဖက်စီမှာ
ကံ့ကော်ပင်တွေတန်းနေတဲ့
ရွာလမ်းလေးကနေ ဖြူးချောင်းဖျား
ပဲခူးရိုးမ တောင်ပေါ်ဆီ တက်ခဲ့တယ်။

နံနက်နေခြည်နဲ့ အစိမ်းအထပ်ထပ် သစ်ပင်တွေ
တောင်တွေဖြိုပြီး လမ်းသစ်ဖောက်ထားတဲ့
မြေသင်းနံ့နဲ့
ဒီတစ်ခေါက်မှ လမ်းပေါက်ပြီး
ဘယ်သူမဆို သွားလို့ရတဲ့
တောလိုက် ငါးရှာ သစ်ခုတ်မီးသွေးဖုတ်
မျှစ်ချိုးလမ်းဖောက် လုပ်သားတွေရဲ့
တစ်ထောက်နားစခန်း
ကျောက်အိုးကြီး တဲ့ ဖြူးချောင်းဖျားပေါ်ကလေ

ငါးတဲလေးတွေ အရေအတွက်တိုင်း
တောင်စောင်းမှာ နတ်ကွန်းလေးတွေကလည်း အတူတူ

အာမိရစ် ပဲလျော် ပဲကြော် လက်ဖက်သုပ် ငါးကြော်
အသွားအိုလေးရောင်းတဲ့ဆိုင်
ကဲ စာရေးဆရာရေ .....
ရှိရယ်လစ်ဇင် စလိုက်ကြရအောင်။





From the village path
With Gangaw trees lined on each side,
We went up to the edge of Phyu Creek and up to the Bago Yoma.

The green foliage of trees under the morning sun
The path made after the side of the mountains dug down
Pleasant smell of the earth
Only this time, there is path
For anyone to travel along
We went up to a scatter of small huts
Call Big Stone Bowl.
A half-way resting place for
Hunters, fisherman,Tree cutters, charcoal makers
Bamboo-shoot pickers , road builders
Near the top of Phyu Creek.
For all small bamboo huts,
Same number of small deity alters on the ridge of the mountains.
And, an old woman's shop
Selling Army Rum, roasted peas, fried peas, pickled tea and fried fish.
Hello Mr Author,
Let's start the realism show.



ကြီးကြီး ဘာလို့ ကျောက်အိုးကြီးလို့ခေါ်တာလဲ ဆိုတော့
"ဟိုးတောင်ပေါ်က ကျလာတဲ့ ရေတံခွန်ကြောင့်
ကျောက်တုံးကြီးတွေမှာ တွင်းကြီးတွေဖြစ်
တွင်းတွေကနေ ဂလိုင်ကြီးတွေဖြစ် အိုးပုံလိုဖြစ်နေလို့
ကျောက်အိုးကြီးလို့ ခေါ်တာ
ဒီနေရာ ရောက်လာရင်
ဖောင်သမားက ဖောင်ဖျက်
သစ်သမားက ကမ်းပေါ်သစ်တင်
ကမ်းပါးပေါ်က သွားမှရတယ်
ကျရင် ပြန်တက်လာသူမရှိဘူး
အသေပဲ
အလောင်းပျောက်
သိပ်ကံကောင်းရင် တစ်လကိုးသီတင်းရှိမှ
အလောင်းပြန်ရတတ်တယ်
နတ်ကြီး ငုက်ချားကြီး ၁၂ ရာသီစိုးမိုးနေတာ"

ဒီလောက်ဆိုးတဲ့နေရာမှာ
ကြီးကြီးက ဘာလို့ ဆိုင်လာဖွင့်ရတာလဲ
"ကြီးကြီးက ဖေယျာဝတီက
မြို့မှာ ဒီလောက်ကို အဆင်မပြေလို့
သားက ဒါပဲလုပ်တတ်တယ်တဲ့လေ
ငါးဖော်နေတဲ့ ဟိုကျောက်အိုးကြီးထဲက လူလေးဟာ
သားလေးပေါ့
ငါးတွေနဲ့ တက်လာပြီ"

When asked, Dear Aunty, why is this place called
Big Stone Bowl?
" The waterfall coming down from
that top of the mountain,
Makes huge holes in those big boulder
Those holes in the stones become deep and
look like a bowl.
So, it is called Big Stone Bowl.
Whoever comes to this place,
Rafters would dismantle their rafts,
Loggers would drag up their logs
And make their way on the bank
No one has ever come up again after a fall,
Dead.
No recovery of the body,
If only there is so much luck,
Will the body be recovered after weeks
Deity twigs, malaria rules
Chilled to the bones for 12 months."

So why did you come to this very rough place,
To open a shop?
" I am from Zeyawaddy
Life is very harder in town.
My son knows only fishing
There he is, fishing in that Big Stone Bowl
Come to the surface with his catch."



အရွယ်ရောက်ကြီးတယ်ဆို ငှက်ပျားကြမ်းတယ်ဆို
"သူ့မိန်းမက ကိုယ်ဝန်ကြီးနဲ့
အမေက သားကို စိတ်မချဘူးတော်
ငှက်ပျားကတော့
ကြက်သည်းခြေ တစ်နေ့ငါးခုလောက်မျိုရင်
မပျားဘူး
ကြက်သည်းခြေက အခုတော့ မရတော့ပါဘူး
ငါးခုလောက်ပဲ ရတယ် ကြက်သားမရောင်းရတာလား
တောင်းတဲ့လူများလာတာလား
အမေက နှစ်ခုမျို သားက သုံးခုမျိုပေါ့
ပျားတော့ ပျားတယ် သေလောက်အောင် မပျားတော့ဘူးပေါ့
ဒါပေမယ့် ဘယ်ဘက်ရင်ဘတ်တော့ အောင့်အောင့်နေတယ်
ကြက်သည်းခြေ တစ်ခုလား
ငှက်ပျားဆေးအလုံးတစ်ထောင်လောက်ကို ခါးတယ်
ဆေးမှ ဝယ်မသောက်နိုင်တာ
အလကားရတဲ့ သည်းခြေပဲ သောက်ရတာပေါ့
အသက်က ခြောက်ဆယ်တော့ တော်တော်ကျော်ပြီထင်တယ်
ညအိပ်ရေးပျက်ရှာပေါ့
ငါးကလည်းကျ
အိပ်တဲ့ လူကလည်းများတော့
မပြန်နိုင်ပါဘူး

သားကို ကြက်သည်းခြေတိုက်
သမ္မုဒ္ဒေ ရွတ်ပေးရမယ်
သူကျောက်အိုးထဲ ဆင်းတိုင်းရွတ်နေရတာ
သမ္မုဒ္ဒေ တစ်နေ့ အခေါက် တစ်သောင်းလောက်ရှိမယ်"
တောင်ပေါ်ကနေ ကောင်းကင်ကြီးကိုကြည့်တော့
ကြည်စင် ဝင်းလဲ့နေတာပဲ
ပေား လို့ ကောင်းကင်ကြီးက
ကျွန်တော်တို့ကို ပြန်အော်တယ်
အော်သံနဲ့အတူ ပြန်လာကြတော့
ကျွန်တော့်ယာဉ်မှာ ဘဝဆိုတဲ့ မနိုင်ဝန်တွေ ပါလာသလို
လေးလံလိုက်တာ

You said, it is dangerous here, malaria- stricken place?
" Aw, his wife is now pregnant.
I cannot leave my son alone,
For malaria,
If one swallows about five chicken livers
He won't be down,
But chicken liver is hard to come by these days.
We get only about five.
Don't know if the chicken are not selling well
Or more people seeking after the liver.

I swallow two, and the son three.
We still get fever, but not life-threatening.
But I feel pricking pain in my left bosom.
The chicken liver ?
It is bitter like a thousand quinine pill.
But we cannot afford the medicine.
So rely on the freely available chicken liver.
My age? Think we'll over 60.
Yes, we will sleep here tonight.
Fish will come out more at night.
And, more people spend overnight here.
So, we cannot go back.
I must give my son the chicken liver
And chant Sambuddhe for him.
I chant the prayer every time
He goes down into the Big Stone Bowl.
Think it counts to over 10,000 times a day.

I looked up at the skies from the top of the mountain
Clean, clear and blissfully bright.
The sky calls back to us
Hey. . . .

We came back with that shout
My vehicle, as if it carries the heavy loads of life
Weighed under

အစိမ်းအထပ်ထပ်နဲ့
ဆည်းဆာတိမ်ရောင်စုံနဲ့
နီရယ်လစ်ဇင်တောင်ကုန်း ပဲခူးရိုးမကို နှုတ်ဆက်ဖို့
တောင်ခြေမှာရပ်လိုက်တော့
နောက်ပြန်မကြည့်ရက်တော့ဘူး

တောင်ပေါ်မှာ
ပုံတင်သံတွေ ကျယ်လောင်သိပ်သည်းဟီးထနေတယ်
"သားအတွက် ကြက်သည်းခြေ အစိမ်းမျိုးပြီး
သမ္ဗုဒ္ဓေ အခေါက်တစ်သောင်းရွတ်ပေးရမယ်"တဲ့
ရွာမှ မြို့ပြ မြို့ပြမှ ရွာ
စုန်ဆန်တွန့်ခေါက်နေတဲ့ ကမ္ဘာလေး
တွန့်ခေါက်သွေးရဲ့
"အမေတွေဆိုတာ
သားတွေကို ဘယ်ဘက်ရင်တစ်ခြမ်းအပုပ်ခံပြီး
ချစ်သတဲ့လား"
ဒါဆို .........
............... အမေ ။ ။

၂၄-၁၂-၁၃



As we stood at the foot of the mountain
To bid farewell
The realism Bago Yoma with
Green folds and multi-colour clouds at dusk
I could not force myself to look back.
The echoes have been ricocheting

Loud and thick on the mountain
" I must swallow the raw chicken liver
And chant prayer 10,000 time for my son"
The poem
Travel back and forth between
Village and town, and town and village
Crumpled, and forlorn*
" Mothers love their sons
Letting their left bosom rot."
Then . . . . .
. . ........... Mother!

**Saw Wai**
Translation by Min Htat BBC (UK)

## စောဝေဟာ အနှစ်အသားတွေကို ရည်းစားစာနဲ့ ထုပ်ပိုးထားတယ်

(၁)

၂၀၀၆ နှစ်ဦးရက်မှာ စာအုပ်ငယ်တစ်အုပ် လက်ဆောင်ရရှိခဲ့ပါတယ်။ နှစ်သစ်မှာ မင်္ဂလာရှိလှပါတယ်။

"သေခြင်းကောင်း ငြိမ်းအေးအိမ်မိသားစုသို့"

များစွာဖြင့်

စောဝေ

၃၁၊ ဒီဇင်ဘာ၊ ၀၅

လို့ လက်မှတ် ရေးထိုးထားပါတယ်။

မြန်မာကဗျာ *(ကမ္ဘာကတော့ ဘယ်တော့ကျော်မယ် မသိပါ)* ကဗျာဆရာ၊ ဆောင်းရွက်မှုနဲ့ တပ်ဆင်ခြင်း အနုပညာရှင်စောဝေရဲ့ "ပန်းဆိုးတန်းနိုမှာနိုး" ဆိုတဲ့ ကဗျာစာအုပ်ပါ။ နာမည်လေးကို ချစ်မိတယ်။

(၂)

အဖုံးက ဆွဲဆောင်မှုရှိပါတယ်။ ကိုနေမျိုးဆေးရဲ့ လက်ရာပါ။ သစ်ရွက် (တခံရွက်များလား မသိ)လေးကို လေးထောင့်ပုံလေးတွေဖြစ်အောင် ဓားနဲ့လှီးပြီး ဒီဇိုင်းဆင်ထားတာပါ။ ငြိမ်သက်အေးချမ်းမှုကို ခံစားစေတဲ့ အဲဒီ ရှေ့ဖုံးရဲ့အောက်ခြေမှာ ၂ စင်တီမီတာရှိတဲ့ ရွှေရောင်ပိန်းပြတ်ဘစ်ခု ကန့်လန့်ကြီးခံထားတာကတော့ ကျွန်တော့်စိတ်ကို အနှောင့်အယှက်ဖြစ်စေ

ခဲ့ပါတယ်။ နတ်ကွန်းတစ်ခုခုကို မြင်ယောင်စေသလိုလို၊ ဘုရားရှေးသက်နှ်း ကပ်တဲ့ရှေးဆိုင်းကို သတိရစေသလိုလိုဖြစ်သွားပါတယ်။

နောက်ဖုံး အနက်ခံပေါ်က နီညိုသစ်ရွက်လေးထောင့်စလေး အောက်ခြေမှာ …

'အလွမ်းနဲ့ခတ်တဲ့ ဆည်းလည်းသံလေးတွေပါ
အဖြူရောင်နဲ့ပဲ ဆွတ်ခဲ့တယ်'

ဆိုတဲ့ ဝါကျလေးနှစ်ကြောင်းကိုတော့ ကျွန်တော်လည်း 'ညွှတ်' ခဲ့ကြောင်း ဝန်ခံပါရစေ။

(၃)

စာအုပ်ရဲ့ ပုံနှိပ်မှတ်တမ်းနဲ့ တစ်ဖက်တစ်ချက်မှာ

'အမေဟာ သားရဲ့မြင့်မြတ်မှုတိုင်းအတွက်
ထာဝရအထက်တန်းစား သူခမိန်ဖြစ်တယ်'

ဆိုတဲ့ ဝါကျတွေ ခေါင်းပေါ်တင်ပြီး မြေအိုးနှစ်လုံးနဲ့ သွပ်နန်းကြိုးတစ်ခွေ ရှေ့မှာချလို့ 'ဆောင်ရွက်မှုအနုပညာ' တစ်ခု ဖန်တီးနေတဲ့ ဆရာစောဝေရဲ့ ဓာတ်ပုံကြီး ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့တော့ အမြဲ အမေတတဲ့ သားတစ်ယောက် တွေ့ပြန်ပြီလို့ စိတ်မှာဖြစ်ပါတယ်။ မိခင်ကို ချစ်ခင်ခြင်း၊ သတိရခြင်းဆိုတာ အလွန်အမင်္ဂလာနဲ့ပြည့်စုံတဲ့ ဖော်ပြမှုမဟုတ်ပါလား။

ကဲ … ကိုယ်တော်စောဝေ မိခင်မေတ္တာတရားတွေ ဘယ်လိုများ သွန်ချထားသလဲလို့ စာရွက်တွေကို စလှန်လှောမိပါတယ်။

(၄)

အပိုဒ် (၁၅) ပိုဒ်ပါတဲ့ 'သိမ်းမယ်' အမည်ရ ကဗျာတစ်ပုဒ်နဲ့ သူ့စာအုပ်ကို စဖွင့်ပါတယ်။ အဖွင့်ပုဒ်အဖြစ် ရွေးချယ်ထားလို့ ကဗျာဆရာအတွက် တန်ဖိုးထားတဲ့ ကဗျာတစ်ပုဒ်ဖြစ်မယ်လို့ မှန်းပါတယ်။ ဒါက ကဗျာဆရာ့အပိုင်းပါ။ ဖတ်သူ(ကျွန်တော်)ကတော့ ဒီကဗျာကို ရည်းစားစာတစ်စောင်လိုပဲ ခံစားရပါတယ်။ ကဗျာဆရာအတော်များများဟာ လူကို ဆွဲလိုးတာသာ ခံချင်ခံမယ်၊ သူတို့(ရင်ဘတ်တစ်ခုလုံးနဲ့ ထွန်ယက်ပြီး)ရေးဖွဲ့ထားတဲ့ကဗျာကို မကြိုက်ဘူးလို့ အပြောခံရရင် အလွန်စိတ်ဆိုးတတ်ပါတယ်။

မတတ်နိုင်ပါ။ ကျွန်တော့်ကတော့ ဖတ်သူပြောခွင့်ကို ရယူပြီး မကြိုက်ကြောင်း ပြောခဲ့ပါပြီ။ ကျွန်တော်ကြိုက်ခြင်း၊ မကြိုက်ခြင်းနဲ့ သူ့ကဗျာကောင်းခြင်း၊ မကောင်းခြင်းဟာ ဘယ်လိုမှ မသက်ဆိုင်ပါဘူး။ သူ့ကဗျာထဲက တစ်ပိုဒ်ကို ညွှန်ပြပြီး အဲဒီအတိုင်းပဲ ကျွန်တော် ထင်မြင်ချက်တွေကို သိမ်းထားပါလို့ လူချင်းဆုံတဲ့အခါ ထပ်ပြောပါ့မယ်။ သူ့ကဗျာမှာ ဒီလိုပါပါတယ်။

**အရှမ်းခံစားပြီး ရေးထားတဲ့ကဗျာလေး**
**ပေးဖတ်လိုက်တဲ့အခါ**
**အစိတ်စိတ်အမြွှာမြွှာဆုတ်ဖြဲပြီး**
**ဘာကြောင်တာလဲဆိုတဲ့**
**မင်းအသံလေးနဲ့ပဲ ထုပ်သိမ်းမယ်။**

နောက်ပြီး ဒေါ်နန်းစန်းစန်းအေး (မဒမ်စောဝေ)နဲ့တွေ့ရင်လည်း ဆရာစောဝေကို အပြင်းစားရိုက်ချက်လေးတစ်ခု လက်ဆောင်ပေးပေးဖို့ ချွန်တွန်းလုပ်လိုက်ချင်ပါသေးတယ်။ အဲဒီအခါမှာ ကျွန်တော်လည်း အနားမှာ ရှိချင်ပါတယ်။ ဝဲနေတဲ့ မျက်ရည်စတွေကို တစ်သက်စာ 'သိမ်း' ဖို့ NikonD200ကင်မရာကိုလည်း အသင့်ပြင်ထားချင်ပါတယ်။ သူ့ကဗျာမှာ ခုလိုပါလို့ပါပဲ။

**ရိုက်တော့မယ်လို့**
**မာန်စောင်နေတဲ့ မင်းလက်ဖဝါးလေး**
**ပါးပြင်ပေါ်မှာသိမ်းမယ်။**

ဟုတ်ကဲ့။ ကျကျနန လုံလုံခြုံခြုံသိမ်းထားနိုင်ပါစေ။ မဒမ်စောဝေလည်း ပြင်းပြင်းလေးရိုက်ပေးနိုင်ပါစေ။

(၅)

နောက်တစ်ပုဒ်က 'အလွမ်းဘဏ်' ပါ။ (က) ကနေ (စ)အထိ အခန်းတွေ ခွဲဖွဲ့ထားတာပါ။ (၁၁) ပိုဒ် ပါပါတယ်။ (၇) မျက်နှာ အသုံးပြုထားတဲ့ လေဟင်းပလေး ကဗျာရှည်ပါပဲ။ ကောင်မလေး ချန်ရစ်လို့ ကျန်ရစ်ခဲ့သူရဲ့ အလွမ်းတွေကို ဘဏ်မှာ သွားပေါင်မယ်ဆိုလား 'နှံ့' ထားတဲ့ ကဗျာပါပဲ။ ကျွန်တော်(ဖတ်သူ)အတွက်တော့ ဒုတိယရည်းစားစာပါပဲ။ ဖတ်ကြည့်ပါဦး။ မြည်းပါဦး။

အခုတော့
ဘဏ်က လက်မခံချင်ပေမဲ့ ကျွန်တော့်မှာ
ပေါင်နှံစရာအလွမ်းတွေက
အသက်ရှူလိုက်တိုင်း တိုးတိုးလာ
အသက်ရှူတာရပ်မလား
ဘဏ်မှာပဲ တောင်းပန်ပြီး
အလွမ်းတွေထပ်အပ်ရမလား
နှစ်ခုစလုံးမဖြစ်သေးပါဘူး
ဘဏ်တိုးက အလွမ်းတွေပဲရပြီး
အသက်ရှူတာရပ်လိုက်ရင်လည်း
မင်းကိုမတောင်းပန်လိုက်ရဘဲ
သေသွားမယ်။

အင်း … သူကြီး(မြတ်နိုင်)သာ ဒီကဗျာကိုဖတ်မိရင် "သေသွားရင်လည်း ပြီးတာပါပဲကွာ" လို့ ရွဲ့လေမလား။

(၆)

စာမျက်နှာ (၉) မျက်နှာထဲမှာ ကဗျာ ၂၁ ပုဒ်ထည့်ပြီး "မင်း ဟက်ဟက်ပက်ပက်ရယ်ဖို့ ငိုတော့မယ်" လို့ ကြွေးကြော်ထားတဲ့ ပုဂ္ဂလဓေဒနာကြီးကိုလည်း တွေ့ရပါတယ်။ ကဗျာဆရာဟာ သူ့တာကယ့်ဘဝထဲမှာ ရုပ်ရှင်၊ ဂီတနယ်ပယ်နဲ့လည်း "နွယ်" နေလေတော့ အဲဒီနောက်ခံကပဲ သူ့ကို အချစ်နဲ့ အလွမ်းတွေ ပေးဝေခဲ့လေသလား။ ကျွန်တော်တို့ မသိနိုင်ပါ။ ကဗျာနာမည်က "စိုမှာစိုးလို့ မိုးမိတယ်" … နာမည်ကြီးဝတ္ထုတစ်ပုဒ် (မင်းခိုက်စိုးစန်)ရှိတယ်လို့ မှတ်မိနေသလိုပါ။ ရုပ်ရှင်လည်း ရှိပုံပေါ်ပါတယ်။ (မဖတ်ဖူး၊ မကြည့်ဖူးခဲ့လို့ အဲဒီအချက်အလက်တွေ သိပ်မသေချာပါ) သေချာတာကတော့ အဲဒီကဗျာကို ဖတ်ပြီးတဲ့အခါ ကျွန်တော်ဟာ တောင်းတဲ့ဆုတိုင်းကို ပြည့်အောင်ဖြည့်ပေးနိုင်တဲ့ တန်ခိုးရှင်တစ်ယောက် ခဏဖြစ်ချင်ခဲ့တာပါပဲ။ ဒီကဗျာထဲမှာ ကျွန်တော့်သူငယ်ချင်း ကဗျာဆရာ တောင်းယူနေတဲ့ ဆုတွေကို ဖြည့်ပေးချင်လို့ပါ။

ဆုမပေးခင်မှာ ကျွန်တော်က ပန်းဆိုးတန်းပလက်ဖောင်းပေါ်က

"ကိုကုလား"ရဲ့ ထိုင်ခုံကို ခဏငှားထိုင်ပါ့မယ်။ ပြီးတော့ ဆုတောင်းပြည့်သွားပြီးတဲ့နောက် အတော်ကိုးရိုးကားရား ကပြနေရမယ့် လူ့ဘဝရဲ့ ရီရယ်လစ်ဇင်ကြီးကို တဝတပြဲ မိန့်မိန့်ကြီး ကြည့်ရှုအားပေးပါ့မယ်။ သူ့ကဗျာထဲမှာပါတဲ့ စာတစ်ပိုဒ်ကို ဖတ်ကြည့်ရင်း သူက ဘာတွေဖြစ်ချင်လို့ ကျွန်တော်က ဘာကြောင့်ဖြစ်စေချင်လဲဆိုတာ မြင်သာလာပါလိမ့်မယ်။ သူ့ ကဗျာမှာ ဒီလိုပါပါတယ်။

**ဟော့ဒီမှာ လက်ကိုင်မှန်လေး ဖြစ်ချင်တယ်**
**ဟော့ဒီမှာ ဘီးလေးတစ်ချောင်း ဖြစ်ချင်တယ်**
**ဟော့ဒီမှာ ဖန်စီကြိုးလေး ဖြစ်ချင်တယ်**
**ဟော့ဒီမှာ လက်ကိုင်အိတ်လေး ဖြစ်ချင်တယ်**
**ဟော့ဒီမှာ နှုတ်ခမ်းနီတောင့်လေး ဖြစ်ချင်တယ်**
**ဟော့ဒီမှာ လက်သည်းဆိုးဆေး ဖြစ်ချင်တယ်**
**ဟော့ဒီမှာ ချွေးတို့ပတ်လေး ဖြစ်ချင်တယ်**
**ဟော့ဒီမှာ အသားရောင်ဝမ်းဆက် ဖြစ်ချင်တယ်**
**ဟော့ဒီမှာ လက်ကိုင်ဖုန်းလေး ဖြစ်ချင်တယ်**
**ဟော့ဒီမှာ စလစ်ပါဖိနပ်လေး ဖြစ်ချင်တယ်**

အဲဒီလို သူဖြစ်ချင်တာတွေသာ တကယ်ဖြစ်သွားခဲ့ရင် ကျွန်တော်ဟာ သူ့ရဲ့ ရီရယ်လစ်ဇင်ကို ဒီလိုမြင်ကြည့်မိပါတယ်။ အကြည့်ခံ၊ အဖြီးခံ၊ အဆွဲခံ၊ အနှိုက်ခံ၊ အလှည့်ခံ၊ အဖျက်ခံ၊ အသုတ်ခံ၊ အကာပ်ခံ၊ အနိုပ်ခံ၊ အနင်းခံနဲ့ ကျွန်တော့်ဆရာ လွယ်မယ်မထင်ပါ။ သူ့ဆန္ဒသာ ပြည့်သွားရင် ခများ အိမ်သာတက်ချိန်၊ ရေချိုးချိန်တောင် ရပါ့မလား။

ကဗျာဆရာရဲ့ စိတ်ကူးထဲက မြမြလေး ပြုံးတာတာတဲ့ ဆယ်လူလာဖုန်းကိုင်တဲ့၊ မျက်ဝန်းနဲ့တင် လူကို ငင်ယူနိုင်တဲ့…

**ကဒ်ဝမ်း ကိုယ့်ကိုကြည့်**
**ကဒ်တူး ကိုယ့်ကိုပဲကြည့်**
**ကဒ်သရီး ကိုယ်မှလွဲပြီး မကြည့်နဲ့**

ကဒ်အင်ဖင်နတီ အကြည့်တွေအားလုံး ကိုယ့်မှာဆုံး လို့ အသည်းအသန် ဖွဲ့နွဲ့ယူရတဲ့ပုံရိပ်ဟာ ကျွန်တော့်ရင်ထဲတော့ မရောက်ခဲ့ပါ။ ဘာစိုးတော့ရှိပါတယ်။ ကဗျာဆရာက ဖိုက်အိုဝမ်းတံဆိပ်ပါတဲ့ အထည်ကို အရှုး

အမှုးဖြစ်နေချိန်မှာ ကျွန်တော်က ပရောဖ်စ်ဆီဆာဟာ ကောင်းကောင်းတစ်ခုကို အကြီးအကျယ် လိုချင်နေတာမျိုးနဲ့ ကျွန်တော်တို့နှစ်ယောက်ကြား လွဲချော်မှုတွေ များနေတာလည်း ဖြစ်နိုင်ပါတယ်။

(၇)

'မြနန္ဒီ'လို့ အမည်ပေးထားတဲ့ စာတွဲအမြောက်ကဗျာကို ဖတ်ရပါတယ်။ အဲဒီမှာ သူဟာ စကားလုံးတွေကို ဂရုတစိုက် ရွေးချယ်တပ်ဆင်တဲ့ ကဗျာဆရာဖြစ်ကြောင်း ပြပါတော့တယ်။

စင်စင်ဝင်းလဲ့ ရည်ရွယ်ချက်များက
မြလွင်မြင့်လွန်း တဲ့ စိတ်က
အငွေ့ပျံတော့မယ့် စိတ်ရဲ့ပန်းတိုင်များ
လွင့်လွင့်ကြည်စင် အိပ်မက်များ
ကိုယ့်ရဲ့ ရင်ဖွင့်မြစ်ပါ မြနန္ဒီ။

စကားလုံးတွေကို ကျစ်နေအောင် သုံးသလို အကြောင်းအရာကိုလည်း သိုသိုဖွဖွ ပြေပြေလေးဖြစ်အောင် ထိန်းညှိရေးဖွဲ့ထားတာ တွေ့ရပါတယ်။ ကျွန်တော် နှစ်သက်တဲ့ စာဝေရဲ့လက်ကို အဲဒီမှာ ပြန်တွေ့ပါတယ်။ ဖတ်ကြည့်ပါဦး။

အသစ်စက်စက် စိတ်ကူးကို
ဘယ်မိတ်ကပ်နဲ့မှ မလိမ်းလိုက်ပါနဲ့။
အားမာန်ကို မာယာအဖြစ်
ပြောင်းတဲ့ ကကြိုးများ
ဟန်ဆောင်မှုကို စိုက်ပျိုးနေတဲ့
ပန်းခြင်းများ
ဖိတ်ခေါ်မှုလမ်းပြပန်းကုံးများ
တပ်မက်မှုသရဖူတွေနဲ့
မလှလိုက်ပါနဲ့ မြနန္ဒီ…။
ရှိခြင်းရဲ့အစွန်အဖျားဟာ
မရှိခြင်းပါလို့
ဖွဖွရွတ်ဆိုပြမယ် မြနန္ဒီ…။

အချုပ်ဝို - ဆာ

ရစ်မူးဝေတဲ့
စည်းချက်ညီ ဂီတထဲမှာ
အငွေ့ပျံတော့မယ့် စိတ်ရဲ့ပန်းတိုင်များ
ရှိဝေရုံ အရသာလေးနဲ့
အထွဋ်အမြွတ်ပန်းကို
မကြွေလိုက်စေနဲ့ မြနှင်း…။

စင်တင်တေးဂီတဆိုင်တစ်ခုမှာ ဝမ်းကျောင်းနေတဲ့ ဖျော်ဖြေရေး ဝန်ထမ်းတစ်ဦးရဲ့ဘဝကို မီးရောင်ပြေပြေလေးနဲ့ မြင်ခဲ့ရတဲ့ ဒီကဗျာအတွက် ကျေးဇူးပါ ကဗျာဆရာ။ ကျွန်တော် နှစ်သက်ခဲ့ပါတယ်။

(၈)

တစ်အုပ်လုံးမှာ ကျွန်တော် (ဖတ်သူ) အနှစ်သက်ခဲ့ဆုံးကတော့ ပဉ္စမမြောက်ကဗျာရှည် 'ပန်းဆိုးတန်း၊ မြို့ကုံကော်၊ သရုပ်မှန်ကစဥ့်ကလျား၊ ပဲခူးရိုးမ'ပါ။ ကျွန်တော့်ရင်ထဲမှာ ထိထိခိုက်ခိုက် စူးစူးနစ်နစ် တင်ကျွန်ရစ်တဲ့ ကဗျာပဲဖြစ်ပါတယ်။ ဒီကဗျာသာ မပါခဲ့ရင် ဒီစာအုပ်အကြောင်း ခုလို စာတစ်စောင် ပေတစ်ဖွဲ့ ကျွန်တော် ရေးဖြစ်ခဲ့လိမ့်မယ်လို့ မထင်ပါ။ ကဗျာဆရာကိုယ်တိုင်အတွက်လည်း အမြဲလက်ညှိုးညွှန်ပြစရာ ဂုဏ်ယူဖွယ်ရာ ကဗျာတစ်ပုဒ် ဖြစ်နေပါလိမ့်မယ်။

ကဗျာ (၂၁) ပိုဒ်ကို (၁၁) မျက်နှာ အသုံးပြုပြီး ဖော်ပြထားပါတယ်။ ကဗျာရဲ့ပထမပိုင်းက ပန်းဆိုးတန်းလမ်းမ ပလက်ဖောင်းပေါ်က ခြေသည်းလက်သည်းညှပ်တဲ့ အသည်ရဲ့ခုံလေးပေါ်ကနေ ပလက်ဖောင်းသမားတွေရဲ့ ဘဝကို လှမ်းမြင်ရပုံလေး ဖွဲ့ထားတာပါ။ ဒုတိယပိုင်းကတော့ မြူးချောင်းဖျားက 'ကျောက်အိုးကြီး' ဆိုတဲ့ သစ်ခုတ်၊ ငါးရှာ၊ မီးသွေးဖုတ်တဲ့ တောစခန်းလေးတစ်ခုက သားအမိအကြောင်း ဖွဲ့ဆိုထားတာပါ။ တင်ပြပုံကောင်းလွန်းလို့ မော်ကွန်းမှတ်တမ်းရုပ်ရှင်လေးတစ်ကား ကြည့်ရသလိုပါပဲ။ ကဗျာဆရာကိုယ်တိုင် သူတွေ့မြင်ရတဲ့ အကြောင်းအရာထဲမှာ သူကိုယ်တိုင်တောင် မသိလိုက်ပါဘဲ နစ်ဝင်မျောပါသွားနေပုံရပါတယ်။ အပိုင်းနှစ်ပိုင်းကို ဆက်ခဲ့တဲ့ ဆက်ထုံးက ပြေလွန်းတော့ ကဒ်ကူးသွားမယ်မှန်း မသိလိုက်ပါဘူး။

သူ ဆက်သွားပုံလေး ကြည့်ပါဦး။

အချုပ်ပို - ၈

*အမေစားမယ့် ထမင်းကြော်နဲ့
သားလေးစားမယ့် ထမင်းကြော်ကို ရောင်းပြီး
သားဆိုးလေးအတွက်
ဆေးဝယ်မလို့တဲ့၊
ကျွန်တော် …
ရွာပြန်မှ ဖြစ်တော့မယ်။

ကဗျာပထမပိုင်း ရိုက်ချက်ကလည်း အတော်ပြင်းပါတယ်။ ပလက်ဖောင်းပေါ်မှာ နေရတဲ့ ညစောင့်အရက်သမား အဘိုးကြီးမှာ အလုပ်လက်မဲ့ ပေတေနေတဲ့ အရက်သမားသားတစ်ယောက်နဲ့ ကိုယ်တစ်ခြမ်း လေဖြတ်ပြီး မျက်လုံးတစ်ဖက်မှေး၊ ပါးတစ်ခြမ်းရွဲ့နေတဲ့ မိန်းမရယ်၊ သားသမီးမြေးမြစ်တွေရယ် ရှိတယ်။ အားလုံးက ပလက်ဖောင်းပေါ်မှာပဲ ဘဝဖွဲ့နေထိုင်ကြတယ်။

အဲဒီအရက်သမားသား ဆေးရုံတက်ရတော့ အမေဒုက္ခိတကြီးက သူစားမယ့်ထမင်းနဲ့ သူ့သားစားမယ့် ထမင်းကို ဘေးနားက ဘဝတူ ပလက်ဖောင်း မင်းသား၊ မင်းသမီးတွေကို တစ်ပန်းကန် (၁၅၀) နဲ့ ရောင်းပြီး ဆေးဝယ်/ ဆေးရုံသွားတဲ့ ဇာတ်လေးပါ။

ညစောင့် အဘိုးကြီးက သူ့သားကို ကန်ကျောက်ရိုက်ပုတ်ပြီး နှင်ထုတ်တဲ့အခါ ကဗျာဆရာက ဒီလိုရေးဖွဲ့ခဲ့ပါတယ်။

နေတာ စားတာ မွေးတာ
ပလက်ဖောင်းပေါ်မှာ
ပလက်ဖောင်းပေါ်က နှင်ချတော့
ဘယ်ကိုသွားရမှာလဲ
ရီရယ်လစ်ဇင်ရုပ်ရှင်
သိပ်ကြည့်ချင်တယ်။

တွေလီကာလီအဖွဲ့မပါ၊ စကားလုံး အကျစ်အလျစ် အနုအရွ မထည့်ဘဲ ရင်ထဲကို ဒုံ(တည့်)ပစ်ခဲ့တဲ့ ရေးဟန်ပါပဲ။ ကဗျာဆရာက ပလက်ဖောင်းသားများဘဝကို တယ်လီနဲ့ဖွန်းအင် (Zoom In) လိုက်တဲ့အခါ ကျ ဟောသလို တွေ့လိုက်ရပါတယ်။

ကုမ္ပဏီရုံးတစ်ခုရဲ့ ဆင်ဝင်အောက်မှာ
အရက်ငွေ့လွှဲရင်းကြီးလာတဲ့မိသားစု

အချပ်ပို - ၅

ညစောင့်အဘိုးကြီး
သားသမီးတွေပွား၊ မြေးတွေပွား
မြစ်တွေပွား…
သူကတော့ လုံးပါးပါးနေပါပြီ။

မြို့ပေါ်က အောက်ဆုံးအလွှာကို အဲသလိုဖွဲ့နွဲ့ခဲ့ပြီး တောစခန်းလေး တစ်ခုက သားအမိဘဝကို ကဗျာရဲ့ ဒုတိယပိုင်းမှာ ပီပြင်အောင် ဖွဲ့ပြနိုင်ခဲ့ပါတယ်။

သစ်ခုတ်၊ ငါးရှာ၊ မီးသွေးဖုတ် အလုပ်သမားတွေရဲ့ တစ်ထောက်နား တောစခန်းလေးက အာမီရမ်၊ ပဲကြော်၊ ပဲလှော်၊ လက်ဖက်သုပ်ရောင်းတဲ့ အမေအိုကြီးနဲ့ သားမိသားစုရဲ့ဘဝကို အလင်းအမှောင် အားကောင်းကောင်းနဲ့ အနုစိတ် ဖွဲ့ခဲ့ပါတယ်။

နေရာရဲ့နောက်ခံကားကို ဟောသလို ဖွင့်ဆိုခဲ့ပါတယ်။

ကြီးကြီး… ဘာလို့
ကျောက်အိုးကြီးလို့ ခေါ်တာလဲ…ဆိုတော့
'ဟိုးတောင်ပေါ်က ကျလာတဲ့ ရေတံခွန်ကြောင့်
ကျောက်တုံးကြီးတွေမှာ
တွင်းကြီးတွေဖြစ်၊
တွင်းတွေကနေ ကလိုင်ကြီးတွေဖြစ် အိုးပုံလိုဖြစ်နေလို့
ကျောက်အိုးကြီးလို့ခေါ်တာ
ဒီနေရာရောက်လာရင်
ဖောင်သမားက ဖောင်ဖျက်
သစ်သမားက ကမ်းပေါ်သစ်တင်
ကမ်းပါးပေါ်က သွားမှရတယ်
ကျရင် ပြန်တက်လာသူ မရှိဖူးဘူး
အသေပဲ
အလောင်းပျောက်
သိပ်ကံကောင်းရင်
တစ်လကိုးသီတင်းရှိမှ
အလောင်းပြန်ရတတ်တယ်
နတ်ကြီး ငှက်ဖျားကြီး ၁၂ ရာသီစိမ့်နေတာ'

အဲဒီနောက်တော့ တေးဘာဝတွေကို ဒီလို တွေ့ကြရတော့တာပါပဲ။

ဒီလောက်ဆိုးတဲ့နေရာမှာ
ကြီးကြီးက ဘာလို့ ဆိုင်လာဖွင့်ရတာလဲ
'ကြီးကြီးက ဖေယျာဝတီက
မြို့မှာ ဒီလောက်ကို အဆင်မပြေလို့
သားက ဒါပဲလုပ်တတ်တယ်တဲ့လေ
ငါးဖော်နေတဲ့ ဟိုကျောက်အိုးကြီးထဲက လူလေးဟာ
သားလေးပေါ့
ငါးတွေနဲ့ တက်လာပြီ'
အန္တရာယ်ကြီးတယ်ဆို
ငှက်ဖျားကြမ်းတယ်ဆို
'သူ့မိန်းမက ကိုယ်ဝန်ကြီးနဲ့
အမေက သားကို စိတ်မချဘူးတော်
ငှက်ဖျားကတော့
ကြက်သည်းခြေ တစ်နေ့ ငါးခုလောက်မျိုရင် မဖျားဘူး
ကြက်သည်းခြေက အခုတော့ မရတော့ပါဘူး
ငါးခုလောက်ပဲ ရတယ်
ကြက်သားမရောင်းရတာလား
တောင်းတဲ့လူ များလာတာလား
အမေက နှစ်ခုမျို၊ သားက သုံးခုမျိုပေါ့
ဖျားတော့ဖျားတယ်
သေလောက်အောင် မဖျားတော့ဘူးပေါ့
ဒါပေမဲ့ ဘယ်ဘက်ရင်ဘတ်တော့
အောင့်အောင့်နေတယ်
ကြက်သည်းခြေတစ်ခုလား
ငှက်ဖျားဆေး အလုံးတစ်ထောင်လောက်ကို ခါးတယ်
ဆေးမှ ဝယ်မသောက်နိုင်တာ
အလကားရတဲ့ သည်းခြေပဲ သောက်ရတာပေါ့'

ခုလောက် ဖတ်ရရင်ပဲ ကဗျာဆရာဟာ ဒီကဗျာမှာ ဘာဆို ဘာမှ ပလီထားတာ မရှိဘူးဆိုတာ တွေ့ရပါတယ်။ သူ့ရင်ထဲ စင်းစင်းကြီး ဝင်ချလာတာကို အစိမ်းလိုက် ပြန်ချကျွေးလိုက်တဲ့သဘောပါပဲ။

အနှစ်အသားတွေ တင်းကျမ်းနဲ့ သူ့ကဗျာကို ကဗျာဆရာက ခုလို အဆုံးသတ်ခဲ့ပါတယ်။

> "အမေတွေဆိုတာ
> သားတွေကို ဘယ်ဘက်ရင်တစ်ခြမ်းအပုပ်ခံပြီး
> ချစ်သတဲ့လား"
> ဒါဆို··· ··· ···
> ··· ··· ··· အမေ။

ကျွန်တော့်ရင်တစ်ခုလုံး ငြိမ်သက်သွားခဲ့ပါတယ်။ ဖတ်လက်စ သူ့စာအုပ်ကို ဘုတ်ခနဲ ပစ်ချမိပါတယ်။ ကြက်သီးမွေးညင်းတွေ ထလာပါတယ်။ အမေ့ကို ချစ်စိတ်တွေ ကျွန်တော့်တစ်ကိုယ်လုံးကို ခတ်လိုက်သလို လိုက်စေခဲ့ပါတယ်။

တကယ်တော့ ဒီစာအုပ်ဟာ ဒီတစ်ပုဒ်တည်းရဲ့ အနှစ်အသားတွေနဲ့တင် ပြည့်စုံလုံလောက်စွာ လေးလံနေခဲ့ပါပြီ။

ခက်တာက ဆရာဇော်ဝေဟာ ပန်းဆိုးတန်း ကဗျာလို အနှစ်အသားတွေကို သူ့ရည်းစားစာတွေနဲ့အတူ ရောနှော ထုပ်ပိုးတင်ဆက်ခဲ့တာပါပဲ။

သေခြင်းကောင်း ဇော်ဝေကို သေမင်း မကြိုက်ပါစေနဲ့ဦးလို့ ဆုတောင်းလိုက်ပါတယ်။

သူငယ်ချင်း··· ရီရယ်လစ်ဇင်ကား များများရိုက်နိုင်ပါစေ။

**ငြိမ်းအေးအိမ်**

မဟာဂန္ဓာနယ်၊ ၂၀၀၆။

❑

**[ဒုတိယအကြိမ် ထုတ်ဝေမှုတွင် ဖြည့်ထားသော ယခု ကဗျာစာအုပ်အပေါ် ခံစားဝေဖန်သုံးသပ်မှု ဆောင်းပါးဖြစ်ပါသည်။]**